# “အရှုံးကိုမီးဝိုင်းနေပါပြီ”

## အဝေးရောက်သံတမန်တဦး

မြန်မာလူမျိုးများအနေဖြင့် အရှုံးကိုမီးဝိုင်းနေပါပြီ ဆိုသောစကားကို အများတကာ သဘောပေါက်နေကြပြီး ဖြစ်ပါသည်။ မီးများပတ်ပတ်လည် ဝိုင်းရံခံနေရသောအရှုံးသည် ပြေးပေါက်လည်းမရှိ။ ထွက်ပေါက်လည်းမရှိတော့ပါ။ ကယ်သူမရှိ။ ကူသူမရှိလျှင် တော့ သေပွဲဝင်ရန်သာ ရှိပါတော့သည်။ အရှုံးဆိုသည်ကိုလည်း အကျယ်တဝင့်ရှင်းပြရန်ပင် မလိုပါ။ ၁၉၆၂ခုနှစ်ကပင် အမိမြန်မာနိုင်ငံတော်တွင် ပြည်သူအပေါင်း၏ ချွေးနည်းစာ အခွန်အတုတ်များဖြင့် တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်ရန်အတွက် တည်ထောင်ဖွဲ့စည်းထားသော စစ်တပ်ကြီးမှ အာဏာရူးကြီးများ ပေါ်ပေါက်လာခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ အာဏာရူးကြီးများတွင် ဗိုလ်နေဝင်းက ပထမဖြစ်ပြီး ဗိုလ်နေဝင်းနှင့်အတူ ရူးဖော်ရူးဘက် ဗိုလ်စန်းယု ဗိုလ်စိန်လွင် ဗိုလ်စောမောင် ဗိုလ်ခင်ညွန့်နှင့် ယခုလက်ရှိ ဗိုလ်သန်းရွှေတို့ပင် ဖြစ်ပါသည်။

အာဏာရူး စစ်ဗိုလ်များထဲတွင် သွက်ချာပါဒအရူးဆုံးကတော့ ယခုလက်ရှိ ဗိုလ်သန်းရွှေပင်ဖြစ်ပါသည်။ တရားတော်အရ ဆိုရပါလျှင် လောဘ ဒေါသ မောဟနှင့် မာန်မာနများသည် လူ့စိတ် လူ့ခန္ဓာကို လောင်မြိုက်စေတတ်သော အကုသိုလ် မီးပွါးများပင်ဖြစ်ပါသည်။ အာဏာရူး ဗိုလ်သန်းရွှေသည် တရားဥပဒေကို မျက်ကွယ်ပြုကာ မိန်းမသားတဦးဖြစ်သော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ် မတရားသဖြင့် ချုပ်နှောင်ထားခြင်း။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လိုလားသူ ရဟန်းရှင်လူအပေါင်းတို့အားလည်း နှစ်ရှည်ထောင်ဒဏ်ချမှတ်ကာ ညှဉ်းပန်းနှိပ်စက်လျှက် ရှိနေပါသည်။

ဓမ္မေ ဟဝေ ဟတော ဟန္တိ ။ လူတဦးသည် တရားကိုသတ်၏။ ထိုသူအား သေကြေပျက်စီးစေတတ်သော တရားက ပြန်သတ်၏။ဟု ဘုရားတရားတော်တွင် ပါရှိသည်။ တရားသတ်၍ အာဏာရူးများဖြစ်သော ဗိုလ်နေဝင်းနှင့် ဗိုလ်စောမောင်တို့သည် ခွေးသေ ဝက်သေ သေဆုံးသွားခဲ့ကြပြီးဖြစ်ပါသည်။

### အာဏာရူးများကို ဝိုင်းအုံနေသော မီးတောက်မီးလျှံများ

ထပ်မံ၍ဆိုရသော် ဗုဒ္ဓဘာသာနိုင်ငံတော်တွင် ဗုဒ္ဓဘာသာတရားတော်အရ ဆိုပါမူ အာဏာရူး စစ်ဗိုလ်များ၏ စိတ်သဏ္ဍာန်တွင်ရှိသော အတောမတတ်နိုင်သည့် လောဘစိတ် ဒေါသစိတ် မောဟစိတ်နှင့် မာန်မာနစိတ်များသည်ပင်လျှင် အာဏာရူးပါဝါရူး စစ်ဗိုလ်များကို ဝိုင်းအုံနေသော မီးတောက်မီးလျှံများလည်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ၁၉၈၈ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံတွင် အသက်အရွယ် (၇၇)နှစ်ရှိနေပြီဖြစ်သော ဗိုလ်နေဝင်းက “စစ်တပ်ဆိုတာ မိုးပေါ်ထောင်ပြီးမပစ်ဘူး။ လူအုပ်ထဲတည့်တည့်ပစ်တာ”ဟု ဆိုခဲ့ပါသည်။ တည့်တည့်ပစ်ခဲ့၍လည်း အပြစ်မဲ့သောပြည်သူပြည်သား သုံးထောင်ကျော် လမ်းမပေါ်တွင် သေဆုံးခဲ့ကြရပါသည်။ လက်ရှိအာဏာရူး ဗိုလ်သန်းရွှေသည်လည်း လူပုဂ္ဂိုလ်များကိုသာမက ဘုရားသားတော် ရဟန်းသံဃာတော်များကို ရင်ဝတည့်တည့် ပစ်စေပါသည်။ အုပ်စိုးသူ အာဏာရူးများ တရားပျက်၍ တိုင်းပြည်ကြီးလည်း ပျက်စီးယိုယွင်းလျှက် ရှိနေပါသည်။

**တရားသူကြီး ဦးဘဦးရေးသည့် “မြန်မာ့အုပ်ချုပ်ရေးပညာ” အမည်ရှိကျမ်း၌ “မြန်မာတို့ တရားမပျက် စောင့်စည်းကျင့်ကြံကြသောအခါများတွင် တိုင်းပြည်အခြေအနေ သိသိသာသာတိုးတက်၍ မြန်မာတို့ တရားမဲ့ အဓမ္မပြုကျင့်ကြသော အခါများတွင်သော်ကား တိုင်းပြည်အခြေအနေ ဆုတ်ယုတ်ပျက်ပြားကြလေသည်”ဟု ဖော်ပြထားပါသည်။**

ယနေ့မြန်မာနိုင်ငံတော်တွင် အုပ်ချုပ်သည့် အာဏာရူး စစ်ဗိုလ်များကြောင့် အုပ်ချုပ်ရေးယန္တရားကြီး ပျက်စီးယိုယွင်းနေပါသည်။ စစ်သား ရဲသား မီးသတ်သမား အရပ်သားဝန်ထမ်း ကျေးရွာ ရပ်ကွက် ကောင်စီဝင်များကအစ အထက်အရာရှိ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအထိ အကျင့်စာရိတ္တ ပျက်ပြားကာ အဓမ္မဝါဒီများ မင်းမူနေပါသည်။ အုပ်ချုပ်သူများသည် ပြည်သူပြည်သားများထံမှ နည်းမျိုးစုံဖြင့် ငွေကောက်ခံလျှက် သားဝ မယားဝ ဝါဒကို ကျင့်သုံးနေရပါသည်။ အအုပ်ချုပ်ခံ ပြည်သူများက နည်းမျိုးစုံဖြင့် အာခံတော်လှန်နေသည့် မီးတောက်ကလည်း အာဏာရူး စစ်ဗိုလ်များအား ဝိုင်းလျှံနေပြီဖြစ်ပါသည်။

တရားစီရင်ရေးမဏ္ဍိုင်တွင်လည်း အဂတိလိုက်စားမှုများ လွှမ်းမိုးနေသည်။ တရားရုံးများတွင် ဆန္ဒာ ဒေါသ ဘယာ မောဟ အဂတိလေးပါးဖုံးလွှမ်းနေပါသည်။ မှန်ကန်သော တရားစီရင်ရေးစနစ် မထွန်းကား၍ ပြည်သူပြည်သားများ၏စိတ် လုံခြုံမှုမရှိပါ။ စိတ်ချမ်းမြေ့မှုမရှိပါ။ အချင်းချင်း စည်းလုံးညီညွတ်မှု မရှိကြပါ။ အစိုးရကိုလည်း ယုံကြည်အားကိုးမှုမရှိသလို တရားရုံးများကို လည်း ယုံကြည်အားကိုးမှု မရှိကြတော့ပါ။ အာဏာရူးများ တရားပျက်၍ အများတကာ အမျက်ဒေါသကလည်း ပေါက်ကွဲလုလု မီးတောင်ကြီးတခုပမာ ဖြစ်နေပါသည်။ အာဏာရူးများ၏ ကိုယ့်ရှူးကိုယ်ပြန်ပတ်သည့် သာဓကတခုကို ဖော်ပြပါမည်။ အများတကာကို နှိပ်စက်ညှဉ်းပန်းခဲ့သော ထောက်လှမ်းရေးမှူး ဝန်ကြီးချုပ်ပြုတ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လာဘ်စားမှုဖြင့် ထောင်နှစ်ပေါင်းများစွာ ပြစ်ဒဏ်ခံရ၍ အချိန်ပြည့်ပေါက်ကွဲနေသဖြင့် သူ့အား စိတ်ငြိမ် အမြဲဆေး ထိုးရသည်ဟု ဆိုပါသည်။ ဇနီးဖြစ်သူ ဒေါက်တာ ခင်ဝင်းရွှေက ဒီဆေးမျိုးတော့ မထိုးကြပါနှင့်ဟု အော်၍ ငိုကြွေးသော်လည်း အာဏာရူးစိတ်ဓါတ် အမြစ်ပြုတ်စေပြီး အာဏာအတွက် ပုန်ကန်ထကြွမည်ကို မလိုလား၍ နေပြည်တော်ကအမိန့်အရ ဆေးထိုးရခြင်းဖြစ်သည်ဟု ဆိုပါသည်။ “အစက ဂန်ဒူး၊ နောက်များတော့ မြုံသွားပြီ၊ အကိုမှားပါပြီကွယ်၊ မိမွေးတဲ့ ဘမွေးတဲ့ဘဝ ဆုံးပါပြီ” ဟုသာ တေးစပ်ရမလို ဖြစ်သွားပါသည်၊

ဘာသာရေး စီးပွါးရေး ပညာရေး လူမှုရေး နယ်ပယ်အားလုံးတွင်လည်း ကမ္ဘာပေါ်တွင် အလွန့်အလွန် နိမ့်ကျနေသော လူမျိုးမှာ မြန်မာလူမျိုး ဖြစ်နေပါသည်။ အမျိုး ဘာသာ သာသနာတော်အတွက် မခံမရပ်နိုင် ဖြစ်နေကြသော ပြည်သူပြည်သားများ၏ အမျက် ဒေါသကလည်း အာဏာရူးများအား ဝိုင်းလုံနေသော မီးတောက်မီးလျှံပမာ ဖြစ်နေပါသည်။

ကိုယ့်လူမျိုးကိုယ် နှိပ်စက်ညှဉ်းပန်းမှုကြောင့် အမေရိကန်ပြည်ထောင်စု အပါအဝင် ဥရောပသမဂ္ဂဝင် နိုင်ငံပေါင်းစုံက စီးပွါးရေး ပိတ်ဆို့အရေးယူခြင်း ပြည်ဝင်ပြည်ထွက် ဗီဇာကန့်သတ်ထားခြင်း ငွေဝင်ငွေထွက် ကန့်သတ်ထား၍ အာဏာရူး စစ်ဗိုလ်များနှင့် မိသားစု၏ လောဘမီးကလည်း ပေါက်ကွဲနေပါသည်။

## အာဏာရူးများထွက်ပေါက် ၂၀၁၀ ရွေးကောက်ပွဲလား

အာဏာရူး စစ်ဗိုလ်များသည် ၁၉၈၈ခုနှစ်ကပင် စစ်တပ်ကိုခုတုံးလုပ်ပြီး စစ်တပ်မှ တိုက်ရိုက်အုပ်ချုပ်ခဲ့ပါသည်။ နိုင်ငံရေးနိယာမ သဘောတရားတွင် စစ်တပ်က ကြာရှည်စွာအုပ်ချုပ်နေခြင်းသည် မသင့်လျော်တော့သည့် အခြေအနေ ဆိုက်ရောက်လာသောအခါ တပ်မတော်သား စစ်ဗိုလ်များအား အရပ်သားအရေခြုံပြီး အုပ်ချုပ်ခြင်းနှင့် စစ်ဗိုလ်များကို လိုလားသောနိုင်ငံရေးပါတီကို ရုပ်သေးရုပ်အစိုးရအဖြစ် တင်မြှောက်ပြီး နောက်ကွယ်မှ ကြိုးဆွဲ ချယ်လှယ်အုပ်ချုပ်ခြင်း စသည်များကို ပြုလေ့ရှိပါသည်။ သို့ရာတွင် ယခုလက်ရှိ နအဖ စစ်ကောင်စီအနေဖြင့် ၎င်းတို့စိတ်ကြိုက်ရေးဆွဲထားသော နိုင်ငံတော် ဖွဲ့စည်းပုံ ဥပဒေတွင် “နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက် ဦးတည်သည်”ဟု ဖော်ပြထားပါသည်။ တဘက်လှည့်ဖြင့် လူထုထောက်ခံမှုရရှိသော စစ်တပ်အစိုးရပုံစံမျိုး ဖြစ်လိုခြင်းသာဖြစ်သည်။ အာဏာရူး ဗိုလ်သန်းရွှေအနေဖြင့် ခဝါချကာ တရားဝင်အစိုးရဖြစ်လိုသော်လည်း အရှူးမီးဝိုင်းခံနေရသည့်ဘဝက ထွက်ပေါက်ရရန် အလှမ်းဝေးလျှက် ရှိနေပါသည်။

ပြည်သူလူထုကို လူစာရင်းမသွင်းဘဲ ဖွဲ့စည်းပုံ ဆန္ဒခံယူပွဲတွင် ကြိုတင်မဲဆန္ဒများ ကောက်ယူသွားသည်ဟုဆိုကာ ကာယကံရှင် ခွင့်ပြုချက်မရဘဲ မဲအမြောက်အများ ခိုးယူခဲ့ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲတွင်လည်း လူထုမဲကို နည်းမျိုးစုံဖြင့်ခိုးဝှက်၍ ရနိုင်ပါသည်။

သို့ရာတွင် အာဏာရူးများ၏ ဖွဲ့စည်းပုံ အခန်း(၇) တပ်မတော်ကဏ္ဍ ပုဒ်မ ၃၃၈တွင် **“နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်”** ဟုဆိုပါသည်။ အပစ်အခတ်ရပ်စဲထားသော သောင်းဂဏန်းကျော်ရှိနေသော လူမျိုးစု လက်နက်ကိုင်အဖွဲ့များကို လူသုံးထောင်အထိ လျှော့ချကာ နယ်ခြားစောင့်တပ်ဖွဲ့များ ဖွဲ့စည်းရေးကိစ္စသည် အငြင်းပွါးစရာဖြစ်နေပါသည်။ **ကိုယ့်တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ရေး တန်းတူညီမျှသော ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းရေးအတွက် အသက်ပေါင်းမြောက်များစွာ စတေးခံပြီး လက်နက်ကိုင်တိုက်ပွဲဝင်လာသော တိုင်းရင်းသား လူမျိုးများအား ကျေးလက်စောင့် ရွာစောင့် နယ်ခြားစောင့်ခွေးများသဖွယ် ဖွဲ့စည်းလိုသော သန်းရွှေ၏ ပုဇွန်ဆိတ်ဦးနှောက်မျှသာရှိသော ဦးနှောက်ထဲက ပေါ်လစီတခုကို အောက်တွင် ဖော်ပြပါသည်။**

**၁၉၉၄ ခုနှစ် နိုဝင်ဘာလ(၈)ရက်နေ့က ထိုင်းနိုင်ငံမှလာရောက်သော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းရောင်၏သား ကိုဌေးဝင်းနှင့် စာရေးသူတို့သည် အင်္ဂလန်နိုင်ငံ ဘာဂင်မန်မြို့တွင် သီတင်းသုံးနေသော ဆရာတော် ဦးရေဝတကျောင်းသို့ ရောက်ရှိသွားခဲ့ပါသည်။ ဆရာတော်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် အာဏာရူး ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့အကြား စေ့စပ်ရေးလုပ်၍ အင်္ဂလန်နိုင်ငံသို့ ပြန်ရောက်ပြီးချိန် ဖြစ်ပါသည်။ ဆရာတော်က သူ့အား ဗိုလ်သန်းရွှေ ဗိုလ်မောင်အေးနှင့် ဗိုလ်ခင်ညွန့်တို့ သုံးဦး ထိုင်ကန်တော့နေသည့် ဓါတ်ပုံကိုလည်း ထုတ်ပြခဲ့ပါသည်။ ထို့ပြင် ဆရာတော်ပါးစပ်က “ဒီကောင်မလေး အောင်ဆန်းစုကြည် တော်တော်မိုက်တယ် ဘုန်းကြီးက သူမကို ညွှန်ကြားရေးမှူးချုပ်ရာထူး လက်ခံဖို့ပြောပေးတာ လက်မခံဘူး” ဟုဆိုပါသည်။ မြန်မာ့ ဒီမိုကရေစီအရေးတော်ပုံနှင့် ၁၉၉၀ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် လူထုအသည်းစွဲ လူထုခေါင်းဆောင်ကြီးတဦးအား အစိုးရဌာနတခု၏ ညွှန်ကြားရေးမှူးချုပ် ရာထူးပေးကာ သိမ်းသွင်းကြသော ဗိုလ်သန်းရွှေနှင့် အပေါင်းပါ စစ်ဗိုလ်များအားလည်းကောင်း။ အာဏာရူး စစ်ဗိုလ်များနှင့် အပေါင်းအသင်းဖြစ်ရ၍ ဘဝင်မြင့်သွားသော ဆရာတော် ဦးရေဝတအား အတော်အံ့သြသင့်မိပါသည်။ အထင်အမြင်လည်း အလွန့်အလွန်သေးမိပါသည်။**

ယခုလက်ရှိ တိုင်းရင်းသားများအား နယ်ခြားစောင့်တပ်ဖွဲ့ ဖွဲ့ပေးရန် ကြံစည်နေသော မြန်မာအာဏာရူးများ၏ ဉာဏ်ဆင့်အတန်းသည် ဘယ်တိုင်းပြည် ဘယ်နိုင်ငံတွင်မှ ရှိလိမ့်မည်မဟုတ်ပါ။ ဇင်ဘာဘွေနိုင်ငံက ကမ္ဘာ့အဆိုးဆုံး အာဏာရှင် မစ္စတာ မူဂါဘီပင်လျှင် သူ၏ပြိုင်ဘက် အတိုက်အခံခေါင်းဆောင်အား ဝန်ကြီးချုပ်ရာထူးပေးကာ ပြေရာပြေကြောင်း ဆောင်ရွက်ခဲ့ပါသည်။

အချုပ်ဆိုရသော် အာဏာရူး ဗိုလ်သန်းရွှေနှင့် အပေါင်းပါစစ်ဗိုလ်တစုအား ဘုရားတရားတော်အရဆိုပါမူ လောဘမီး ဒေါသမီး မောဟမီးနှင့် မာန်မာနမီးများက ဝိုင်းလျှက်ရှိနေပါသည်။ ထို့အပြင် အသိပညာ အတတ်ပညာမရှိသော အာဏာရူး စစ်ဗိုလ်များ၏ လွဲမှားသောလုပ်ရပ်များကြောင့် မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေး လူမှုရေးနှင့် ဘာသာရေး စသောမဏ္ဍိုင်အသီးသီးတွင် မီးတောက်မီးလျှံများသည် အာဏာရူးများအား ဝိုင်းနေပြီဖြစ်ပါသည်။ အာဏာရူးများ၏ စစ်တပ်က ထာဝရအုပ်ချုပ်လိုသော ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကြီးကို ထောက်ခံအားပေးပါက မြန်မာပြည်သူအပေါင်းသည် ဆင်းရဲမွဲတေမှုအောက်မှ ဘယ်တော့မှ လွတ်မြောက်ကြမည်မဟုတ်ကြောင်းကိုလည်း စေတနာ မေတ္တာဖြင့် တင်ပြအပ်ပါသည်။ **အရူးကိုမီးဝိုင်းနေပါပြီ။ စစ်အာဏာရှင် စနစ်ဆိုးကြီးကိုလည်း ညီညီညွတ်ညွတ် တွန်းလှန် တိုက်ပွဲဝင်ကြပါစို့။** ။